လူငယ်မူဝါဒ ရေးဆွဲရေးဆိုင်ရာ ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီ၊

မူကြမ်းရေးဆွဲရေးအဖွဲ့တို့၏ တွေ့ဆုံဆွေးနွေးပွဲတွင်

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး

မြွက်ကြားသည့်မိန့်ခွန်း

Hotel Max နေပြည်တော် (၂၁-၁၂-၂၀၁၆)

အားလုံး မင်္ဂလာပါ။

ဒီနေ့ အခမ်းအနားကို တက်ရောက်လာကြတဲ့ လူငယ်မူဝါဒ ရေးဆွဲရေး ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ လုပ်ငန်းကော်မတီ၊ မူကြမ်း ရေးဆွဲရေးအဖွဲ့ဝင် ဌာနဆိုင်ရာ ကိုယ်စားလှယ်များ၊ လွတ်တော် ကိုယ်စားလှယ်များ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီး / ပြည်နယ်များမှ လူငယ်ကိုယ်စားလှယ်များ၊ အမျိုးသမီးကိုယ်စားလှယ်များ၊ ပြည်တွင်း အကြံပေး ပုဂ္ဂိုလ်နှင့်တကွ UN Joint Team များမှ ကိုယ်စားလှယ်များအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံနိုင်ကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။

မြန်မာနိုင်ငံလူငယ်မူဝါဒရေးဆွဲရေးမှာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အနေဖြင့် လူငယ်များနှင့်အတူ ပူးပေါင်းပါဝင် ဆောင်ရွက်သွားမည်ဖြစ်ပါတယ်။ လူငယ်များသည် အနာဂတ်၏ ခေါင်းဆောင်များဖြစ်၍ ကျန်းမာပြီး ဉာဏ်ရည် ထက်မြက်ရန်လည်း လိုအပ်လှပါတယ်။ မိမိတို့ဝန်ကြီးဌာနအနေဖြင့်လည်း လူငယ်များ ကျန်းမာပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားအဆင့် ကျန်းမာရေး စီမံကိန်းများ၊ လုပ်ငန်းအစီအစဉ်များကိုလည်း ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။ ကျန်းမာရေးကဏ္ဍ အနေဖြင့် မြို့ပြနဲ့ ကျေးလက်မကျန် ကွာဟချက်မရှိစေရေးအတွက် ကျန်းမာရေးဝန်ထမ်းများ နှင့်အတူ လူငယ်ထု၏ အားကိုရယူ၍ ကျန်းမာရေးဆိုင်ရာ ကြိုတင် ကာကွယ်ရေး လုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင်လည်း ပူးပေါင်းဆောင်ရွက်ကြရမှာ

ဖြစ်ပါတယ်။ ယခုလို လူငယ်မူဝါဒကို လူငယ်များကိုယ်တိုင် ရေးဆွဲနိုင်တာဟာ အလွန် ထူးခြားတဲ့အချက်ဖြစ်ပါတယ်။

ထွက်လာတဲ့ ပေါ်လစီဟာလည်း လက်တွေ့ကျတဲ့ ပေါ်လစီဖြစ်မှာ သေချာပါတယ်။ ပေါ်လစီရေးဆွဲပြီးပါက မဟာဗျူဟာ၊ နည်းဗျူဟာ၊ strategies, interventions, tactics များကို ရေးဆွဲရမည်ဖြစ်ပြီး ရေးဆွဲသည့်အခါ အားလုံးစုပေါင်းပြီး မြန်မာနိုင်ငံနဲ့ လက်တွေ့အံဝင်ဂွင်ကျရမည်ဖြစ်ပြီး နိုင်ငံ၏ အခြေအနေ (ဥပမာ၊ စီးပွားရေး / လူမှုရေး / ဓလေ့ / ထုံးစံ) များကို သုံးသပ်ပြီးမှ ရေးဆွဲရမည်ဖြစ်ပါတယ်။

လုပ်ဆောင်မည့် နည်းဗျူဟာများ၊ လုပ်ငန်းများသည်လည်း သက်ဆိုင်ရာ နှီးနွယ်ဝန်ကြီးဌာနများ၏ လုပ်ငန်းများနှင့် သဟဇာတဖြစ်ရန် လိုပါမည်။ ထို့ပြင် လူမှုရေးအဖွဲ့အစည်း၊ community-based organizations, civic organizations, local NGOs များ၊ ethnic health organizations များနှင့်လည်း မည်ကဲ့သို့ ပူးပေါင်း ဆောင်ရွက်ရမည်ကို စဉ်းစားရမည်ဖြစ်ပါတယ်။

လူငယ်မူဝါဒသည် နိုင်ငံအတွက် အထူးအရေးကြီးသည့် မူဝါဒဖြစ်ပါသည်။ ဤမူဝါဒပီပြင်မှ၊ လက်တွေ့ကျမှ၊ အဖက်ဖက်မှ စဉ်းစားနိုင်မှ (holistic perspective)၊ ရေတိုရေရှည် အမြင်ရှထောင့်မှ ကြည့်တတ်မှ နိုင်ငံအတွက် ပိုမိုအကျိုးရှိမည့် မူဝါဒ ဖြစ်လာပါမည်။

လူငယ်ထု ကျန်းမာပြီး ဦးနှောက်ကောင်း၊ အတွေးအမြင် မှန်ကန်မှသာလျှင် ကောင်းသောကျင့်ဝတ် (good ethics) ကို လိုက်နာတတ်သည့် လူငယ်များ ဖြစ်လာနိုင်ပြီး နိုင်ငံ၏ ရှေ့ရေးသည် စိတ်ချရမည် ဖြစ်ပါတယ်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့်လည်း ကျန်းမာပြီး စိတ်ထား ကောင်းသော၊ မူးယစ်ဆေးမစွဲသော၊ အရက်သေစာ မသောက်စားတတ်သည့် လူငယ်ထုကြီးဖြစ်ရန် ရည်ရွယ်၍ ကျောင်းကျန်းမာရေး လုပ်ငန်းများကို ပညာရေး ဝန်ကြီးဌာနနှင့် ပူးပေါင်း၍ အရှိန်အဟုန်မြှင့်တင်၍ စတင်ဆောင်ရွက်နေပြီဖြစ်ပါတယ်။

လွန်ခဲ့သော အပတ်က "National Consultation Meeting to Develop Five-Year-Strategic Plan for School Health 2017-2022" ကို ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ စတင်ရေးဆွဲနေပြီဖြစ်ပါတယ်။

လူငယ်မူဝါဒနှင့်ပတ်သက်ပြီး ကျွန်တော်တို့ သတိထားရမဲ့ အချက်က ဒီမူဝါဒကို အမြဲလက်ကိုင်ထားပြီး ကျွန်တော်တို့ရဲ့ ရှေ့လုပ်ငန်းစဉ်များ၊ ယခုလုပ်နေသည့် လုပ်ငန်းစဉ်များကို အမြဲတမ်းသုံးသပ်နေရမည်ဖြစ်ပါတယ်။ ဤအချက်များသည် အလွန်အရေးကြီးပါသည်။ များသောအားဖြင့် မူဝါဒ ရေးဆွဲပြီးက မူဝါဒသည် စားပွဲပေါ်၊ စာအုပ်စင်၊ ဘီဒိုထဲ၌သာ ရောက်ရှိသွားသည့် သာဓကများလည်း များစွာရှိပါတယ်။

မူဝါဒပေါ် အခြေခံပြီး ရေးဆွဲမည့် operational plan or road map လမ်းပြမြေပုံကို သက်ဆိုင်ရာဝန်ကြီးဌာနများမှ အမြဲသုံးသပ်မှီငြမ်း ဆောင်ရွက်ရမည်ဖြစ်ပါတယ်။ ဝန်ကြီးဌာနများမှလည်း operational plan ကို မည်သို့ ပံ့ပိုးနိုင်မည်ကို စဉ်းစားပြီး ပံ့ပိုးရန် လိုအပ်ပါတယ်။

NLD ၏ slogan ဖြစ်သည့် "TIME FOR CHANGE" အရ ကျွန်တော်တို့သည် ယခင်က ရှိခဲ့သော လူငယ်ဆိုင်ရာ မူဝါဒ သို့မဟုတ် တစ်ဆင့်နိမ့်သည့် မဟာဗျူဟာ၊ နည်းဗျူဟာများကို ပြောင်းသင့်လျှင် ပြောင်းရန် ဝန်မလေးသင့်ပါ။ ထိုမူဝါဒများသည် ထိုအချိန်အခါက ဖြစ်ပေါ်လျက်ရှိသည့် လူငယ်များ၏ အခြေအနေများနှင့် လုံးဝ ကိုက်ညီနိုင်သော်လည်း ကျွန်တော်တို့ ပြည်သူလူထုကျန်းမာရေးပညာ၏ အခြေခံ အချက်တစ်ခုဖြစ်သည့် changing epidemiological situation အခြေအနေ အကြောင်းတစ်ရပ်သည် အမြဲတမ်း ပြောင်းလဲနေသည့်အတွက် ထိုပြောင်းလဲနေသည့် အခြေအနေအရ လိုက်၍ ပြောင်းလဲရမည်ဖြစ်ပါတယ်။

ထို့ကြောင့် ကျွန်တော်တို့အားလုံး ဝိုင်းဝန်းစုပေါင်းစဉ်းစားပြီး မူဝါဒ ရေးဆွဲပါက နိုင်ငံ၏ အခြေအနေအချိန်အခါနှင့် လိုက်လျောညီထွေရှိမည့် မူဝါဒ တစ်ခုဖြစ်လာမည် ဖြစ်ပါတယ်။

မြန်မာနိုင်ငံ လူငယ်မူဝါဒ ရေးဆွဲရေးအတွက် တိုင်းဒေသကြီး / ပြည်နယ် အသီးသီးမှ လူငယ်ကိုယ်စားလှယ်များအနေနဲ့ လူငယ်ဆိုင်ရာ နိုင်ငံတကာမှ အချက်အလက်များ၊ အခြေအနေတူသော အခြားသောနိုင်ငံများရဲ့ လူငယ် မူဝါဒများကိုလည်း လေ့လာစေလို ပါတယ်။ လူငယ်များရင်ဆိုင်နေရတဲ့ ကဏ္ဍအလိုက် စိန်ခေါ်မှုများသာမက ကျော်လွှား ဖြေရှင်းနိုင်မယ့် နည်းလမ်းများကို လည်း ရှာဖွေသွားရန်လည်း အထူးလိုအပ်လှပါတယ်။ ဒါ့အပြင် လူငယ်များဘက်မှ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မှုများ၊ နိုင်ငံတော်နဲ့ အစိုးရ မဟုတ်သော အဖွဲ့အစည်းများမှ ဖြည့်ဆည်းဆောင်ရွက်ပေးရမည့် အချက်များကိုလည်း အပြုသဘောဆောင်တဲ့ အကြံပြုချက်များနဲ့အတူ ဝိုင်းဝန်းဆွေးနွေးကြစေလိုပါတယ်။ အတွေးအမြင်မှန်ကန်သည့် လူငယ်စုများလာလေ ထိုလူငယ်စု၏ ကောင်းသောဖိအား (good peer pressure) များလာမှာ ဖြစ်ပါတယ်။ ဒီလိုနဲ့ ကျွန်တော်တို့နိုင်ငံမှာ အတွေးအမြင် မှန်သော လူငယ်ထုကြီးများ ဖြစ်လာမည်ဖြစ်ပါတယ်။ လူငယ်ထုအတွက် အစိုးရမှ လုပ်ဆောင်မှု၊ အားပေးမှုသည် ကောက်ရိုးမီးပမာ မဖြစ်စေရန်လည်း အရေးကြီးပါတယ်။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေနှင့် လူငယ်ဆရာဝန်များ၏ အခန်းကဏ္ဍကို အထူးအရေးပေးပြီး မြှင့်တင်အားပေးလျက်ရှိပါတယ်။

အနာဂတ်နိုင်ငံခေါင်းဆောင် လူငယ်များအနေဖြင့် လူငယ်များရဲ့ သစ်လွင်တဲ့ စွမ်းဆောင်ရည်များနဲ့အတူ လူကြီးများရဲ့ ကောင်းမွန်တဲ့ ပံ့ပိုးဖြည့်ဆည်းပေးချက်များကို ရယူ၍ အနာဂတ်နိုင်ငံတော်သစ်ရဲ့ လူငယ်ထုအတွက် ကောင်းမွန်ပြည့်စုံတဲ့ လူငယ်မူဝါဒ တစ်ရပ် ပေါ်ပေါက်လာရေးအတွက် ဝိုင်းဝန်းကြိုးပမ်းကြပါလို့ ပြောကြားရင်း နိဂုံးချုပ် ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။